ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၁၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို တက်ရောက်လေ့လာကြတဲ့ တိုင်းဒေသကြီးများမှလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၈.၂၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၀၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၉)ရက်မြောက်နေ့ ၉-၆-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါ်ရှီလာနန်တောင် (ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဦးငွန်ပေား၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) နှင့် ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနဲ့ ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၆)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖျာပုံမြို့နယ်၊ နောက်မီးကျေးရွာအုပ်စုတွင် လယ်ယာမြေများကို ဖျက်ဆီးပြီး တရားမဝင် ကဏန်း မွေးမြူရေးလုပ်ငန်းကြောင့် ပင်လယ်ရေဝင်ပြီး လယ်သမားများ၏ စပါးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ထိရောက်သော ဟန့်တားဆောင်ရွက်မှုများ ပြုလုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က ဖျာပုံမြို့နယ်၊ နောက်မီးကျေးရွာအုပ်စုတွင် လယ်ယာမြေများကို ဖျက်ဆီးပြီး တရားမဝင် ကဏန်း မွေးမြူရေးလုပ်ငန်းကြောင့် ပင်လယ်ရေဝင်ပြီး လယ်သမားများ၏ စပါးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ထိရောက်သော ဟန့်တားဆောင်ရွက်မှုများ ပြုလုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ တိုင်းနဲ့ပြည်နယ် ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဖျာပုံမြို့နယ်၊ နောက်မီးကျေးရွာအုပ်စုမှာ လယ်ယာမြေများကို ဖျက်ဆီးပြီး တရားမဝင် ကဏန်းမွေးမြူရေးလုပ်ငန်းကြောင့် ပင်လယ်ရေဝင်ပြီး လယ်သမားများ၏ စပါးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ထိရောက်သော ဟန့်တားဆောင်ရွက်မှုများ ပြုလုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အချိန် မလုံလောက်ရင် အနည်းငယ်ထပ်ပြီး တိုးပေးဖို့လည်း တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ နောက်မီးကျေးရွာအုပ်စုမှာ လယ်သမားဦးရေ (၁၄၀)ခန့် ရှိပြီးတော့ လယ်ဧကပေါင်းက (၃၆၀၀)ခန့်ရှိပါတယ်။ ယင်းအနက်မှာ လယ်သမားအများစုဟာ နောက်မီးကျေးရွာအုပ်စု (၉)ရပ်ကွက်၊ အလံတိုင်ကျေးရွာမှာ နေထိုင်ပြီးတော့ လယ်ဧကပေါင်း (၂၀၀၀)ခန့်ကို လုပ်ကိုင်ကြပါတယ်။ လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းတွေနဲ့ အဓိက အသက်မွေးဝမ်းကျောင်း ပြုနေကြပါတယ်။ အိမ်ထောင်စုပေါင်းက (၄၅၀)ခန့် ရှိတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ အဲဒီကျေးရွာမှာ ၂၀၀၉-၂၀၁၀ ခန့်က ဒေါ်ပပ အမည်ခံပြီးတော့ နိုင်ငံခြားသားလူမျိုးတစ်ဦးကနေပြီးတော့ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခဲ့ဖူးပါတယ်။ အခုတစ်ခါ ၂၀၁၂ ခုနှစ်လောက် ရောက်တဲ့အခါမှာ ဒေါ်လေးလေးခိုင် ဆိုသူထံကနေပြီတော့ ဒေါ်အေးဆိုင်ဆိုသူအမျိုးသမီးက ဝယ်ယူပါတယ်။ ဒေါ်အေးဆိုင် ရဲ့ အမည်ကိုခံပြီးတော့ နိုင်ငံခြားသားလူမျိုးကနေပြီးတော့ ကဏန်းအရေပျော့လုပ်ငန်းတွေ လုပ်ကိုင်နေပါတယ်။ အဲဒီနောက်မှာ လယ်ယာမြေတွေကို ထပ်မံဝယ်ယူပြီးတော့ Slide ထိုးပေးပါ။ ဒါ မူလက ကဏန်းမွေးတဲ့တဲ ဖြစ်ပါတယ်။ Next Slide၊ ဒါ လယ်မြေကိုဝယ်ပြီးတော့ လမ်းပြုလုပ်ထားတာ ဖြစ်ပါတယ်။ Next Slide ၊ ဆောက်လုပ်ပြီးတဲ့ အဆောက်အဦတွေ ဖြစ်ပါတယ်။


အဲဒီတော့ ဒီလယ်ယာမြေတွေကို ထပ်မံဝယ်ယူပြီးတော့ ခွင့်ပြုမိန့်တစ်စုံတစ်ရာ မရှိဘဲနဲ့ တာလမ်းတွေဖောက်တယ်၊ ပင်လယ်ရေငန်တွေ ဝင်ရောက်ရန်အတွက်ဆိုပြီးတော့ ရေလွှဲမြောင်း (၂)မြောင်းကို ပင်လယ်ပြင်ကနေပြီးတော့ ဖောက်လုပ်တယ်။ ကဏန်းမွေးမြူရေး ပြုလုပ်နေပါတယ်။ ဒီအတွက် ရေငန်ဝင်ရောက်မှုတွေ ရှိလာတဲ့အခါမှာ အဲဒီဒေသမှာရှိတဲ့ လယ်သမားတွေရဲ့ စပါးစိုက်ပျိုးမှုတွေက မအောင်မြင်ဘဲနဲ့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာပါတယ်။ ရေငန်ဝင်ရောက်တဲ့အတွက်ပါ။ အဲဒီအတွက်ကို အကြိမ်ပေါင်းများစွာ ကျွန်တော် မြေစာရင်းဦးစီးအရာရှိနဲ့လည်း တွေ့ပါတယ်။ ဒီနေရာမှာ တစ်ခုတင်ပြချင်တာက ကျွန်တော်တို့ ဖျာပုံမြို့နယ်ရဲ့ ဖျာပုံတမံရွာလေးမှာ အထောက်အထားရှိလျက်နဲ့ လယ်ကိုလုပ်နေတဲ့ အသက်(၇၀)ခန့် အဘွားကြီးကိုတော့ လယ်ယာပိုင်ဆိုင်မှု မပြနိုင်လို့ဆိုပြီးတော့ ချက်ချင်းဖမ်း၊ အရေးယူ ထောင်ချပစ်လိုက်တယ်။ အဘွားကြီးခင်မျာ ထောင်ထဲသွားနေရတယ်။ အခု နိုင်ငံခြားသားတွေ တရားမဝင်လုပ်နေတာကိုကြတော့ အချိန်ဆွဲပြီးတော့ ပြီးခဲ့တဲ့ ကျွန်တော်တို့ (၁)နှစ်ခွဲ၊ (၂)နှစ်ကာလလောက်ကတည်းကနေပေါ့ အရေးယူဆောင်ရွက်မှု မလုပ်တာတွေကို ဝမ်းနည်းစွာတွေ့ရှိရပါတယ်။ ဒါကို လူကြီးတွေ သိစေချင်လို့ ဒီမေးခွန်း မေးပြီး တင်ပြရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို နစ်နာဆုံးရှုံးနေတဲ့ လယ်သမားတွေရဲ့ တိုင်ကြားချက်ကြောင့် ကျွန်တော်ကိုယ်တိုင် သွားရောက်ပြီး အကြိမ်ကြိမ် ဆွေးနွေးတဲ့အတွက် ဖျာပုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကျော်ဖြိုး ကနေ

ဆက်လက်မပြုလုပ်ဖို့ ဆိုပြီးတော့ တားဆီးကြောင်းစာကို မတ်လ ၂၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ Slide 6 ၊ အဲဒီနောက်မှာ မြို့နယ်စစ်ဆေးရေးအဖွဲ့က ဖွဲ့ပြီးတော့ ၂၃ ရက်နေ့မှာ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာမှာ တရားမဝင် ဝင်ရောက်လုပ်ကိုင်နေကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရတဲ့အတွက် လယ်သမားတွေဟာ ပျက်စီးနေတဲ့စပါးအတွက်ကို အလျော်ပေးရန်သာ တွေ့ရှိရပါတယ်။ တရားမဝင်ဘဲ ဝင်ရောက်လုပ်ကိုင်နေမှုတွေကို တားဆီးပိတ်ပင်အရေးယူဖို့ အကြံပြုချက်မပါရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒါဟာ တားမြစ်တဲ့စာပါ။ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ စာထုတ်ရုံလေးပဲ ဆောင်ရွက်ပြီးတော့ မြေပြင်ကွင်းဆင်းပြီးတော့ ဟန့်တားဆောင်ရွက်ခြင်း၊ ဥပဒေအရ အရေးယူ ဆောင်ရွက်မှု မရှိတဲ့အတွက် ကဏန်းမွေးမြူသူတွေဟာ အဆောက်အဦနဲ့ စက်များကို အလျင်အမြန်ဆောက်လုပ်နေတာကို မြေပြင်အခြေအနေဓာတ်ပုံများအရ တွေ့ရှိရပါတယ်။ နောက် Next Slide လေး ဆက်ပြီး ပြပေးပါ။ အဆောက်အဦတွေ ဆောက်တာကို ဆက်ပြီး ပြပေးပါ။ ၂၀၁၆ ဧပြီလမှာ နိုင်ငံခြားသားလူမျိုးနှစ်ဦးဟာ အဆိုပါကဏန်းမွေးမြူတဲ့ နောက်မီးကျေးရွာရောက်ရှိပြီး ကျေးရွာပြည်သူများရဲ့ သတင်းပေးချက်အရ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးစိုး ကနေပြီးတော့ အဆိုပါ နိုင်ငံခြားသားလူမျိုးနှစ်ဦးကို ဖျာပုံ လဝကရုံးကို သွားရောက် အပ်နှံခဲ့ပါတယ်။

အဆိုပါမြေဟာ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် မြေလွတ်၊ မြေရိုင်း လုပ်ပိုင်ခွင့် လျှောက်ထားဆဲပဲဖြစ်ပါတယ်။ တရားဝင်ကျသေးတာမဟုတ်ပါဘူး။ မည်သူမဆို လျှောက်ထားနိုင်ပါတယ်။ ကန့်ကွက်သူရှိရင်လည်း ခွင့်ပြုမိန့်မထုတ်ပေးဘူးလို့ သိရပါတယ်။ ကျေးရွာပြည်သူတွေကလည်း ကန့်ကွက်ထားကြောင်း သိရှိရပါတယ်။ ကျေးရွာပြည်သူတွေရဲ့ ဆန္ဒဟာ နာဂစ်ကဲ့သို့သော သဘာဝဘေးဒဏ်တွေ ခံရတဲ့အချိန်မှာ အသက်အန္တရာယ် ကာကွယ်ပေးနိုင်တဲ့ ဒီရေတောတွေကို ထိန်းသိမ်းထားရှိစေချင်တဲ့ဆန္ဒ ဖြစ်ပါတယ်။ ယခုကဲ့သို့ မြန်မာအမျိုးသမီးများ အမည်ခံပြီး နိုင်ငံခြားသားများမှ တရားမဝင် လုပ်ကိုင်ဆောင်ရွက်နေမှုများကို မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များမှ တားမြစ်စာ ထုတ်ပြီးတော့ ဆောင်ရွက်နိုင်ရုံသာ တွေ့ရှိရပါတယ်။ ထိရောက်တဲ့ လက်တွေ့ဟန့်တား ဆောင်ရွက်မှုတွေကို မဆောင်ရွက်နိုင်ခြင်းများဟာ၊ ပွင့်လင်းမြင်သာစွာ မဆောင်ရွက်ခြင်းများဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများဖြစ်ကြတဲ့ တောင်သူလယ်သမားကြီးများရဲ့ အကျိုးစီးပွားကို ထိခိုက်နစ်နာစေပါတယ်။ မလိုလားအပ်တဲ့ ပဋိပက္ခ ထိပ်တိုက်ရင်ဆိုင်မှုတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဒီအတွက် ပြည်ထောင်စုဝန်ကြီးကို မေးမြန်းလိုတာကတော့ ဒီပြဿနာကို မည်ကဲ့သို့ ဟန့်တားဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။ (၂) လယ်သမားများ၏ နစ်နာမှုများနှင့် အကျိုးစီးပွားထိခိုက်မှုများကို မည်သို့ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်။ (၃)အနေနဲ့ကတော့ မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်တို့ကို ဒေသခံပြည်သူများ လယ်သမားကြီးများရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


မူလကဏန်းမွေးသောတဲ မြင်ကွင်းပုံ (ရှု)



လယ်မြေကိုဝယ်ပြီး လမ်းပြုလုပ်ထားခြင်းမြင်ကွင်းပုံ (ရှု-၁)




နစ်နာဆုံးရှုံးနေသည့် ဒေသခံလယ်သမားများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ သွားရောက်ဆွေးနွေးပြီးနောက်ပိုင်း မြို့နယ်မြေစာရင်းမှ (၂၁-၃-၂၀၁၆)တွင် ထုတ်ပြန်သည့် အသိပေးအကြောင်းကြားစာ(ပုံ-၂)



(၂၉-၃-၂၀၁၆) ရက်နောက်ပိုင်း ဆက်လက်ဆောက်လုပ်နေခြင်း မြင်ကွင်းပုံ (ပုံ-၃)



မူလသဘာဝအလျောက် တည်ရှိနေသည့် အော်ပိုက်ချောင်းအား တမံပိတ်ဆို့၍ တမံ၏အတွင်းပိုင်း ချောင်းအား သဲသောင်တိုးမြေကို ဖြတ်ဖောက်၍ ရေလွှဲမြောင်း တူဖော်ထားသည့် မြင်ကွင်းပုံ (၄-၄)



ပင်လယ်ရေငန် အလုံးအရင်းနှင့် ဝင်ရောက်မှုကြောင့် လှေငယ်များ လွတ်လပ်စွာ ဝင်ထွက်သွားလာ နိုင်သည့် မြင်ကွင်းပုံ (၄-၄)



**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ နောက်မီး ကျေးရွာအုပ်စု ကွင်းအမှတ်(၉၁၄)အတွင်းမှာရှိတဲ့ မြေလွတ်မြေရိုင်းဧရိယာ (၁၈၆.၈၉)ဧကမှာ ကဏန်းပျော့နဲ့ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုကြောင်း ဒေါ်အေးဆိုင် စွမ်းပြည့်စုံကုမ္ပဏီမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နှင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လျှောက်ထားလာတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနသို့ စိစစ်စေခဲ့ကြောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနမှ အဖွဲ့များမှ မြေပြင် ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှောက်ထားတဲ့မြေဟာ မြေလွတ်မြေရိုင်းဖြစ်၍ ခွင့်ပြုသင့်ကြောင်း စိစစ်တင်ပြချက်အရ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ် ၅/၂၀၁၆ ဆုံးဖြတ်ချက်အပိုဒ် ၄၇ အဖြစ် ၎င်းတင်ပြချက်အပေါ် ကန့်ကွက်ရန်မရှိကြောင်းနှင့် လုပ်ထုံးလုပ်နည်းနဲ့ အညီ ဆက်လက်ဆောင်ရွက်သွားရန် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်း ဦးစီး ဌာနသို့ အကြောင်းကြားခဲ့ကြောင်း သိရှိရပါတယ်။

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း ဦးမင်းကြွယ် ပါ တောင်သူများမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လိပ်မူတိုင်ကြားလာတဲ့အတွက် ဖျာပုံမြို့နယ် ဆည်မြောင်း ဦးစီးဌာနမှ ဦးစီးအရာရှိခေါင်းဆောင်ပြီး ဌာနဆိုင်ရာ (၄)ခုမှ အဖွဲ့ဝင်(၄)ဦးပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းစစ်ဆေးဆောင်ရွက်စေခဲ့ရာ ကဏန်းပျော့နှင့် ရေငန်ပုစွန်မွေးမြူရန် မြောင်းတူးဖော်မှုကြောင့် ပင်လယ်ရေငန် ဝင်ရောက်ပြီး လယ်ပျက်စီး၍ စပါးအထွက်နှုန်း လျော့နည်းသွားသည့် ဦးလှညွန့် ပါ တောင်သူ (၅)ဦးရဲ့ လယ်မြေ(၁၀)ဧကကို ဒေါ်အေးဆိုင် စွမ်းပြည့်ကုမ္ပဏီမှ နစ်နာကြေးပေးရန်နှင့် မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့် မရသေးမီကာလအတွင်း မြေပြင်တွင် မည်သည့်လုပ်ငန်းမှ လုပ်ကိုင်ခြင်း မပြုဘဲ ရပ်ဆိုင်းထားရန်၊ ရေသွင်းမြောင်း(၂)ခုကို မူလပုံစံအတိုင်း အခိုင်အမာ ပြန်လည်ပိတ်ဖို့ပေးရန် အပါအဝင် သုံးသပ်ချက်(၁)ချက်နှင့် အကြံပြုချက် (၆)ချက်ဖြင့် အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြခဲ့ပါတယ်။ ၎င်းအဖွဲ့၏ အကြံပြုတင်ပြခဲ့တဲ့အတွက် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနမှ

၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှာ ဒေါ်အေးဆိုင် ကို လက်ရှိလုပ်ငန်းများ လုပ်ကိုင်နေမှုကို ရပ်ဆိုင်းရန်နှင့် အဆိုပါမြေမှ ထွက်ခွာသွားရန် အကြောင်းကြားစာ ထုတ်ပြန်တားမြစ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

စစ်ဆေးရေးအဖွဲ့ရဲ့ တင်ပြချက်အရ ပင်လယ်ရေငန်ဝင်ပြီး စပါးသီးနှံအထွက်နှုန်းများ လျော့နည်းပျက်စီးသွားတဲ့ နစ်နာသူလယ်သမား ဦးလှညွန့် ပါ တောင်သူလယ်သမား (၅)ဦးရဲ့ လယ်မြေ (၁၀)ဧကကို တစ်ဧကလျှင် (၄၄၅၀၀၀)နှုန်းဖြင့် စုစုပေါင်း ငွေကျပ် (၄၄၅၀၀၀၀) ကို ဒေါ်အေးဆိုင် စွမ်းပြည့်ကုမ္ပဏီမှ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှာ လျော်ကြေးပေးခဲ့ရာ သက်ဆိုင်ရာ တောင်သူများ မှာလည်း သဘောတူလက်ခံခဲ့ကြောင်း၊ အကြံပြုချက်တွေပါရှိသည့် ၎င်းရေသွင်းမြောင်း (၂)ခုကိုလည်း စစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးချိန်၌ပင် စတင်၍ ပြန်လည်ပိတ်ဖို့နေပြီဖြစ်ကြောင်း သိရှိရပါတယ်။ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ တားမြစ်မှုကြောင့် ဒေါ်အေးဆိုင် စွမ်းပြည့်ကုမ္ပဏီမှ ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် လုပ်ငန်းများအားလုံး ရပ်ဆိုင်းပြီး အစောင့်(၁)ဦးထားရှိကြောင်း သိရှိရသည့် အတွက် အဆိုပါမြေပေါ်မှ ကဏန်းပျော့မွေးမြူခြင်းနှင့် မျှင်ပုစွန် အခြောက်ခံစက် တည်ဆောက်ရန် ပြင်ဆင်ထားရှိတဲ့ အဆောက်အဦများ ဆက်စပ်ပစ္စည်းများ အားလုံးကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နောက်ဆုံးထား ဖယ်ရှားရှင်းလင်းသွားရန်နှင့် သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက် ပါက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေအမှတ် ၂၆ အရ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနမှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖျာပုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်အေးဆိုင် ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ ရက်စွဲပါစာဖြင့် အကြောင်းကြား ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၁၆ ခုနှစ်၊ ဧပြီလမှာ တရုတ်လူမျိုး နှစ်ယောက် ရောက်ရှိလာမှုနဲ့ပတ်သက်၍ စိစစ်ခဲ့ရာ ဖျာပုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားဦးစီးဌာနရဲ့ စိစစ်တင်ပြချက်အရ ၎င်းအဖွဲ့သည် လုပ်ငန်းဗီဇာဖြင့် လာရောက်ခြင်းဖြစ်သော်လည်း သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ခွင့်ပြုချက်နဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်များ မပါရှိကြောင်း တွေ့ရှိရတဲ့အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှာ လာလမ်းအတိုင်း ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာစေခဲ့ကြောင်း သိရှိရပါတယ်။ ဒေါ်အေးဆိုင် စွမ်းပြည့် ကုမ္ပဏီရဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လျှောက်ထားခြင်းနှင့်ပတ်သက်ပြီး အမှုတွဲ ဖွင့်လှစ်တင်ပြလာပါ က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း ခွင့်ပြုသင့်/မသင့် စိစစ်ဆုံးဖြတ် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ခွင့်ပြုချက်မရသေးမီ လုပ်ငန်းလုပ်ကိုင်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နောက်ဆုံးထား ဖယ်ရှားရှင်းလင်းရန် ညွှန်ကြားချက် ထုတ်ပြန်ထားပြီးဖြစ်ကြောင်းနဲ့ လိုက်နာမှု မရှိပါက ဖျာပုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနမှ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၆ အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မေးခွန်းလေး တစ်ခုလောက် ဆက်လက် တင်ပြခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဖြေကြားပေးတာကို ကျေးဇူးအများကြီး တင်ရှိပါတယ်ခင်ဗျား။ မနေ့ညနေက လွှတ်တော်ကအပြန်မှာ ကျွန်တော့်ဒေသကနေပြီးတော့ ဖုန်းဝင် ပါတယ်။ အဲဒါကတော့ ၈-၆-၂၀၁၆ မနေ့က နေ့လယ် (၁း၁၅)နာရီမှာ အမာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ လဝက၊ မြေစာရင်း၊ ကျေးရွာမီးသတ်အုပ်ချုပ်ရေးအဖွဲ့တွေ ရောက်ရှိလာပြီး ၎င်းနေရာက လူအားလုံးကို ဖယ်ရှားပေးရန် ဆောင်ရွက်တယ်လို့ သိရှိရပါတယ်။ ဖယ်ရှားစဉ်မှာ နိုင်ငံခြားသား(၂)ယောက်ကို ထပ်ပြီးတော့ တွေ့ရှိရပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း ၎င်း (၂)ယောက်ကိုခေါ်ခဲ့ရန် ပြောဆိုတဲ့အတွက် ဖျာပုံမြို့ကို မနေ့က ခေါ်သွားကြောင်းလည်း သိရှိရပါတယ်။ နောက်တစ်ခုက ဒီနေရာမှာ စိုးရိမ်စိတ်တစ်ခုကို တင်ပြလိုပါတယ်။ စက်ရုံလည်ပတ်ဖို့ကို ကျောက်မီးသွေးနဲ့ လည်ပတ်မယ်လို့ သိရှိထားရတဲ့အတွက်လည်း စိတ်ပူပန်မိပါတယ်။

အဲဒီတော့ ဒီနေရာမှာ ဆက်စပ်မေးမြန်းလိုတာက ဒီဆောက်လုပ်ထားတဲ့ အဆောက်အဦ တွေဟာ အခိုင်အမာ ကျွန်တော်တို့ ဆောက်လုပ်ထားတာ ခုနက Slide တွေနဲ့လည်း ကျွန်တော့်အနေနဲ့ တင်ပြပြီးသားဖြစ်ပါတယ်။ ဒီဆောက်လုပ်ထားတဲ့ အဆောက်အဦတွေဟာ ခွင့်ပြုမိန့်လည်း ကျွန်တော်တို့ မရသေးဘူး။ ခွင့်ပြုချက်လည်းမကျသေးဘူး။ အဲဒါကို ကျွန်တော်တို့ ခုနကလို အခိုင်အမာကြီး တွေဆောက်လုပ်ထားတာဟာ တရားမဝင်တဲ့အတွက် ဒါတွေကို ဖျက်သိမ်းဖို့၊ ရွှေ့ပြောင်းဖို့ကို ကျွန်တော်တို့ တရားဥပဒေအရ အရေးယူဆောင်ရွက်မယ်ဆိုတာလည်း ခုနက ကျွန်တော်တို့ ဇွန် ၂၀ ဆိုတာကိုလည်း ကျွန်တော်တို့ ကြားရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နောက်ဆုံးထား ဖယ်ရှားပေးဖို့ဆိုတာ၊ အဲဒီအတွက်လည်း ကျွန်တော်တို့ ခုနက ဖြေကြားပေးတဲ့ ဝန်ကြီးကို ကျေးဇူးတင် ပါတယ်။ နောက်တစ်ခုက တရားမဝင်လာရောက်လုပ်ကိုင်တဲ့ ဒီ နိုင်ငံခြားသားနှစ်ဦးကိုရော ဥပဒေနဲ့ အညီ အခု မနေ့ကပဲ ထပ်ပြီးဖမ်းမိတယ်ဆိုတော့ ဘယ်လိုများဆောင်ရွက်မလဲ၊ စီမံထားသလဲဆိုတာကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းကို ကျွန်တော် ရှင်းလင်းဖြေကြားပါမယ်။ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ်ရဲ့ မေးခွန်းကို တိုင်းဒေသကြီးအစိုးရကိုယ်စား ပြန်လည်ဖြေကြားရန်ဖြစ်သော်လည်းပဲ ကျွန်တော်တို့ သက်ဆိုင်ရာအစိုးရနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး မေးခွန်းကိုထိရောက်စွာ ဖြေဆိုနိုင်ရေးနဲ့ မြေပြင်လုပ်ငန်းဆောင်ရွက်မှုတွေကိုလည်း အသေးစိတ်သိရှိနိုင်ရေးအတွက် ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့လည်း မနေ့ကထိ တိုက်ရိုက်ဆက်သွယ်ပြီး နောက်ဆုံးအခြေအနေ မေးမြန်းခဲ့ ပါတယ်။ ဒီ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းခဲ့တဲ့ ဒီ ယခင်လာခဲ့တဲ့၊ ဧပြီလအတွင်းက လာခဲ့တဲ့ တရုတ်လူမျိုးနဲ့ပတ်သက်လို့ကတော့ လဝကအက်ဥပဒေအရ လာလမ်းကြောင်းအတိုင်း လုပ်ငန်းဗီဇာမပါတဲ့အတွက် ရန်ကုန်ပြန်လွှတ်ခဲ့တာဖြစ်ပါတယ်။ အခု

ဒီမှာတွေ့ရှိရတဲ့ ဒီနိုင်ငံခြားသားနဲ့ ပတ်သက်တဲ့ သက်ဆိုင်ရာ လဝက ဥပဒေအရပဲ လိုအပ်သလို စိစစ်ပြီး အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလားတူပဲ ခုနက ဆောက်လုပ်ထားတဲ့ အဆောက်အဦတွေဟာ အခိုင်အမာဖြစ်သော်လည်းပဲ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရရဲ့ ဆုံးဖြတ်ချက်အရ သတ်မှတ်ထားတဲ့ ဇွန်လ(၂၀)ရက်နေ့မှာ အပြီးထားပြီး ဖျက်သိမ်းဖို့ဖြစ်ပါတယ်။ မူလမှာတော့ ဒီပစ္စည်းတွေနဲ့ ဒီဟာတွေကို အစောင့်ထားဖို့အတွက် တစ်ယောက်ထားခဲ့တယ်ဆိုတာကို ကျွန်တော် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း တိုင်းဒေသကြီးအစိုးရရဲ့ ဆုံးဖြတ်ချက်အရ အစောင့်လည်း ထားရှိခွင့်မပေးဘဲနဲ့ ခွင့်ပြုချက်မရသေးတဲ့ မြေပေါ်တွေကနေ ဒီလုပ်ငန်းလုပ်ကိုင်နေတဲ့ အလုပ်သမားတွေအပါအဝင် အဆောက်အဦတွေပါ သတ်မှတ်ရက်မှာ အပြီးဖယ်ရှား ရှင်းလင်းပေးဖို့ ညွှန်ကြားချက်ထုတ်ပြန်ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မနေ့က ထပ်မံပြီးတွေ့ရှိရတဲ့ နိုင်ငံခြားသားနှစ်ယောက်နဲ့ ပတ်သက်လို့လည်း လဝက ဥပဒေနဲ့အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအနေနဲ့လည်း ထုတ်ပြန်ထားတဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေနဲ့အညီ ဆက်လက်စိစစ်အရေးယူ ဆောင်ရွက်နိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**လက်ပံပြားကျေးရွာအနီး ဘောဒါချောင်းအား ကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က လက်ပံပြားကျေးရွာအနီး ဘောဒါချောင်းအား ကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းရမယ့် မေးခွန်းကတော့ လက်ပံပြားကျေးရွာအနီး ဘောဒါချောင်းအား ကွန်ကရစ်ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ တွေ့ကြုံနေရသော ရခိုင်ပြည်နယ်ဟာ ဆင်းရဲမွဲတေမှု ကို လွှမ်းမိုးခံနေရပါတယ်။ အဓိက ကျွန်တော်တို့ ဒေသတစ်ခုဖွံ့ဖြိုးဖို့၊ နိုင်ငံတစ်ခုဖွံ့ဖြိုးဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးအခန်းကဏ္ဍက အရေးကြီးတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ ယခင်က ရေလမ်းခရီးများကိုသာ အသုံးပြုပြီး ယနေ့ထိ သွားလာနေရပါတယ်။

ဒါပေမဲ့ အခု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက် အရေးကြီး အချိန် ကာလလည်းဖြစ်ပါတယ်။ ဒီလက်ပံပြားကျေးရွာဟာ ကျွန်တော်တို့ ပေါက်တောမြို့နယ် တောင်ရင်းကျွန်း ပေါ်မှာတည်ရှိပါတယ်။ ရွာကြီးလည်း တစ်ရွာဖြစ်ပါတယ်။ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ခြမ်းမှာ တည်ရှိတဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ အဲဒီရွာမှာ အထက်တန်းကျောင်းလည်း ရှိပါတယ်။ နောက်ပြီးတော့ ကျေးလက်ကျန်းမာရေးဌာနတစ်ခုလည်း မနှစ်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်တွင် ဆောက်လုပ် ပြီးသား ကျန်းမာရေးဌာနတစ်ခုလည်း ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပေါက်တော လက်ပံပြား ကားလမ်းဟာ (၁၂)မိုင်လောက် ဝေးပါတယ်။ ဒါပေမဲ့ ပေါက်တောကို လာမယ်ဆိုရင် အဲဒီလမ်းက ဘောဒါချောင်းကို ကူးပြီးမှ လှေနဲ့ကူးပြီးမှ ပေါက်တောကို လာရတာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီဘောဒါချောင်းတံတားကို တည်ဆောက်ပေးလိုက်ရင် ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာများ၊ ကျောင်းသူ/ကျောင်းသားများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း လွယ်လင့်တကူ ကျွန်တော်တို့ သွားလာနိုင်မှာလည်း ဖြစ်ပါတယ်။ အဲဒီချောင်းကူးပြီးတော့ ကျွန်တော်တို့ ရေနစ်လို့ သေတဲ့လူတွေလည်းရှိပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာဆိုရင် ဟိုတစ်ပတ်ကပဲ ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ် ပိုးရှီးပြင်မှာ ကျောင်းသားတွေ၊ ကလေးတွေ လှေနဲ့ကျောင်း ကူးတို့နဲ့တက်တော့ လှေမြုပ်ပြီးတော့ သေဆုံးတာ(၇)ဦးလောက် ရှိပါတယ်။ ဒါမျိုး အခက်အခဲမျိုးကိုလည်း ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘောဒါချောင်းတံတားဟာ အကျယ်ပေ(၂၅၀)ခန့်လောက် ရှိပါတယ်။ ဒီ တံတားကြီးကို ထိုးလိုက်တာနဲ့ ကျွန်တော်တို့ ပေါက်တောမြို့သို့ ဥဒဟို သွားလာလို့ရပါတယ်။ အနီးအနား မှာရှိသော ကျောင်းသူ/ကျောင်းသားများလည်း လွယ်လင့်တကူ ပညာသင်ကြားနိုင်မှာဖြစ် ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒေသအတွင်း ပေါက်တောမြို့နယ်ဟာ ကျွန်တော်တို့ ရန်ကုန်- စစ်တွေကားလမ်းနဲ့လည်း အလွန်ဝေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသဖွံ့ဖြိုးဖို့တော့ အဓိက ရေလမ်းခရီးအပြင် ကုန်းလမ်းခရီးဖြစ်တဲ့ ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ စေရန်အတွက် ကျွန်တော်တို့ လက်ပံပြားနားရှိ ဘောဒါချောင်းအား သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးလိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ဦးအောင်ဇံဝေလမ်းမကြီးအား အဝေးပြေးကားဂိတ်မှ ရှမ်းရွာရပ်ကွက်ထိ(၂)မိုင်ခန့်ကို မြို့အင်္ဂါရပ်နှင့်အညီ (၄)လမ်းမောင်း ပလက်ဖောင်း အပါအဝင် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၏ အဓိက လမ်းမကြီးဖြစ်သည့် ဦးအောင်ဇံဝေလမ်းမကြီးအား အဝေးပြေးကားဂိတ်မှ ရှမ်းရွာရပ်ကွက်ထိ (၂)မိုင်ခန့်ကို မြို့အင်္ဂါရပ်နှင့်အညီ (၄)လမ်းမောင်း ပလက်ဖောင်း အပါအဝင် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး သာလေစွပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော်က ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ ဒုတိယအဆင်းရဲဆုံး ပြည်နယ်ဖြစ်တယ်ဆိုတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေ၊ ကျောက်တော်မြို့နယ်ဟာလည်း အပါအဝင်ပါ။ ကျောက်တော်မြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း(၆၇၅.၅၅)မိုင်ရှိပြီး မြို့ပေါ်ဧရိယာမှာ(၃.၅၁)မိုင်ခန့် ရှိပါတယ်။ မြို့ပေါ်မှာ ရပ်ကွက်(၅)ရပ်ကွက်ရှိပြီး အဓိက တစ်မြို့လုံးကို တောင်နဲ့မြောက်ကို အဓိကဖောက်လုပ်ထားတဲ့ လမ်းမကြီး(၃)လမ်းခန့်သာ ရှိမှာဖြစ်ပါတယ်။ အဓိက လမ်းမကြီးထဲမှာ မြို့ပေါ်အလယ်တည့်တည့် လမ်းမကြီးဖြစ်တဲ့ ဦးအောင်ဇံဝေလမ်းမကြီးမှာ ယခုလက်ရှိအဝေးပြေးကားဂိတ်မှ မြို့ပေါ်(၅)ရပ်ကွက်လုံးကို ဖြတ်ပြီး ဖောက်လုပ်ထားခြင်းဖြစ်ပါတယ်။ ယခုအချိန်တွင် မြို့ပေါ်တွင်လည်း ကားများ၊ ဆိုင်ကယ်များ၊ သုံးဘီးများ၊ ဆိုက္ကားများ၊ စက်ဘီးများနဲ့ သွားရေးလာရေး အဆင်ပြေမှုမရှိတော့သည့်အပြင် လမ်းမှာ ကျဉ်းမြောင်းနေပြီ ဖြစ်ပါတယ်။

အဆိုပါလမ်းမကြီးမှာ ယခုအချိန်တွင် လမ်းအင်္ဂါရပ်နှင့်လည်း ညီညွတ်မှုမရှိတော့ပါ။ ကျွန်တော်တို့ဒေသမှာ မိုးများပြီး ရေကြီးရေလျှံမှုများ နှစ်စဉ်နှစ်တိုင်းရှိနေပါသဖြင့် ရေလျှံပြီး ရေပြန်ကျတဲ့အခါမှာလည်း လမ်းပေါ်မှာ အပေါက်များ၊ ချိုင့်များနဲ့သာ ကျန်ရှိခဲ့ပါတယ်။ အဆိုပါအပေါက်များ၊ ချိုင့်များကို မြို့နယ်စည်ပင်မှ ဖာထေးပြီးနေလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိနေပြီဖြစ်ပါတယ်။ အခုလက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ (၂)မိုင်ခန့်ရှိတဲ့လမ်းကို ပေ(၆၀၀)ကို (၁၈)ပေ ကွန်ကရစ်လမ်း ခင်းမယ်ဆိုပြီး ချပေးထားပါတယ်။ အလွန်နည်းပါးလွန်းနေပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောက်တော်မြို့နယ်၏ အဓိက လမ်းမကြီးဖြစ်သည့် ဦးအောင်ဇံဝေလမ်းမကြီးအား အဝေးပြေးကားဂိတ်မှ ရှမ်းရွာရပ်ကွက်

အထိ(၂)မိုင်ခန့်ကို မြို့အင်္ဂါရပ်နှင့်အညီ (၄)လမ်းမောင်း ပလက်ဖောင်းအပါအဝင် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ လက်ပံပြားကျေးရွာအနီး ဘောဒါချောင်းအား ကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်ရှိ ပေါက်တော-လက်ပံပြား၊ လက်ပံပြားလမ်းပေါ် ဘောဒါချောင်းတံတားဟာဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပေါ်ရှိတဲ့ တံတားမဟုတ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် လမ်းပေါ်မှာရှိတဲ့ တံတားဖြစ်ပါတယ်။ ပေါက်တောမြို့နယ်၊ ပေါက်တော-လက်ပံပြား ကားလမ်းဟာ ကွန်ကရစ်လမ်း(၀/၄)မိုင်၊ ကျောက်ချောလမ်း(၅/၄)မိုင်၊ စုစုပေါင်း(၆/၀)မိုင် ရှိပါတယ်။ လက်ပံပြားကျေးရွာအနီး ဘောဒါချောင်းရှိနေသည့်အတွက် ပေါက်တောမြို့သို့ တိုက်ရိုက်သွားလာ၍ မရပါ။ ဘောဒါချောင်း၏ အကျယ်မှာ ပေ(၂၅၀) ခန့်ရှိပြီး ကူးတို့ဖြင့် ကူးသန်းသွားလာနေကြရပါတယ်။ တံတား တည်ဆောက်မည်ဆိုပါက (၂၅၀)ပေကျယ်သောချောင်းကို ဖြတ်သန်းဖောက်လုပ်ရမှာဖြစ်တဲ့အပြင် အရှည်ပေ(၆၀) ခေါင်မိုးအပါအဝင် အမြင့်ပေ(၂၀)ရှိတဲ့ ကုန်တင်ရေယာဉ်များ သွားလာမှုရှိနေပါသဖြင့် အောက်ခြေရေလမ်း ကင်းလွတ်နိုင်သည့် အမြင့် တည်ဆောက်ပေးရမှာ ဖြစ်တဲ့အတွက် ခန့်မှန်းတံတား အရှည်ဟာဆိုရင် ပေ(၄၅၀)ခန့်ရှိမှာ ဖြစ်ပါတယ်။ အသေးစိတ် ကွင်းဆင်းတိုင်းတာရမှာလည်း ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်ပါတဲ့ လက်ပံပြားကျေးရွာအနီး ဘောဒါချောင်းအား ကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်မည်ဆိုပါက ပေ(၁၈၀)အထက် တံတားအကြီးစားအဖြစ် တည်ဆောက်ရမှာ ဖြစ်တဲ့အတွက် နောင်ဘဏ္ဍာရေးနှစ်များတွင် ဦးစားပေးအလိုက် စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ပေးသွား

မှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ရဲ့ အဓိက လမ်းမကြီးဖြစ်တဲ့ ဦးအောင်ဇံဝေလမ်းမကြီးအား အဝေးပြေးကားဂိတ်မှ ရှမ်းရွာရပ်ကွက်အထိ (၂)မိုင်ခန့်ကို မြို့အင်္ဂါရပ်နှင့်အညီ (၄)လမ်းမောင်း ပလက်ဖောင်းအပါအဝင် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ကျောက်တော်မြို့၊ ဦးအောင်ဇံဝေလမ်းမကြီးရဲ့ လက်ရှိ လမ်းအခြေအနေဟာဆိုရင် ပေ(၁၀၅၆၀) ပေ အရှည်ရှိပြီးတော့ (၂၅)ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး ဘေးတစ်ဖက်တစ်ချက် ရေမြောင်းထိ အကျယ်မှာ ပေ(၃၀)ဖြစ်ပါတယ်။ (၄)လမ်းသွားလမ်းမကြီးအဖြစ် ဆောင်ရွက်မည်ဆိုပါက ပလက်ဖောင်း တစ်ဖက်(၃)ပေအပါအဝင် လမ်းဧရိယာအကျယ်(၅၄)ပေ လိုအပ်မှာဖြစ်တဲ့အတွက် လမ်းကိုတိုးချဲ့ ဆောင်ရွက်ရန် ဌာနဆိုင်ရာ အဆောက်အဦများ၊ သာသနိက အဆောက်အဦများနဲ့ လူနေအိမ်ခြေ (၂၀၀)ခန့်ကို ဖယ်ရှားရမှာဖြစ်ပါတယ်။ အဆိုပါလမ်းအား (၂၄)ပေအကျယ် (၂)လမ်းသွား ကွန်ကရစ် လမ်းခင်းခြင်း(၁၀၅၆၀)ပေ ပလက်ဖောင်းဘေးတစ်ဖက်တစ်ချက် (၃)ပေအပါအဝင် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းခြေကုန်ကျငွေမှာ ကျပ်သန်းပေါင်း(၁၂၀၀) ကုန်ကျမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနဲ့ (၁၈)ပေအကျယ် (၈)လက်မထု ကွန်ကရစ်လမ်းခင်းခြင်း ပေ(၆၀၀)ဆောင်ရွက်ရန် ရန်ပုံငွေ ကျပ်(၃၅.၄၀)သန်း လျာထားလျက်ရှိပါကြောင်းနဲ့ ကျန်အပိုင်းများအား နောင်ဘဏ္ဍာရေးနှစ်များမှာ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၄၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက် (သောကြာနေ့) နံနက်၁၀နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၁၀း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]